

# ဗဒုံမင်းရဲ့ ရွှေဂူဘုရား ရှာပုံတော်

ခရစ်နှစ် ၁၇၈၃ ခုနှစ်မှာ ဘိုးတော်ဘုရား (ဗဒုံမင်း)က သူ့အာဏာစက်ကျရာ နိုင်ငံအနှံ့မှာ ရွှေဂူစေတီတွေ တည်ထားကိုးကွယ်စေခဲ့ကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးမှာ ဖော်ပြပါရှိပါတယ်။ နိုင်ငံအနှံ့ မြို့ရွာတွေမှာ ဘိုးတော်ဘုရားတည်စေခဲ့တဲ့ ဂူဘုရားအရေအတွက်ဟာ ၂၃၀ ဆူဖြစ်ပြီး အဲဒီစေတီတွေတည်ရှိတဲ့ မြို့စာရင်းတွေထဲမှာ ထားဝယ်မြို့လည်း အပါအဝင် ဖြစ်ပါတယ်။

တနည်းအားဖြင့် ထားဝယ်မြို့မှာလည်း ဘိုးတော်ဘုရား (ဗဒုံမင်း) ရဲ့ အမိန့်နဲ့ တည်ထားကိုးကွယ်ထားတဲ့ ရွှေဂူစေတီတစ်ဆူ ရှိတယ်လို့ ဆိုလိုတာပါ။

ဘုရင့်အမိန့်နဲ့ နိုင်ငံနဲ့အဝှမ်းမှာ တည်ခဲ့တယ်ဆိုတဲ့ ရွှေဂူစေတီတွေက တကယ်ကို စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဘိုးတော်ဘုရားဟာ သူ့အပိုင်နယ်မြေတွေအဖြစ် အမှတ်သားပြုတဲ့အနေနဲ့ နိုင်ငံရေး ရည်ရွယ်ချက်ရှိရှိ အဲဒီဂူဘုရားတွေကို တည်ခဲ့တာမို့လည်း ပိုပြီး စိတ်ဝင်စားမိတာပါ။ ဒါကြောင့် စေတီပေါင်း ၂၃၀ ဆူတည်ရှိရာ မြို့ ရွာတွေ စာရင်းမှာပါတဲ့ ကျွန်တော်တို့ထားဝယ်မြို့က ဘိုးတော်ဘုရားရဲ့ ရွှေဂူစေတီအကြောင်းကိုလည်း လေ့လာဖြစ်ခဲ့ပါတယ်။

ပထမတော့ ကိုယ့်မြို့ ကိုယ့်ဒေသအတွင်း သွားရင်းလာရင်းနဲ့ ကြုံသလို ရှာကြည့်ဖြစ်ပါတယ်။ ထားဝယ်မြို့ပေါ်နဲ့ အနီးနားဝန်းကျင်မှာ ရွှေဂူကြီးစေတီ၊ ရွှေဂူဘုရား ဆိုတဲ့ဘွဲ့နာမည်နဲ့ ဘုရားစေတီတွေရှိသလား၊ လိုက်ဂူခံထားတဲ့စေတီတွေ ရှိပါသလားဆိုတဲ့ မျှော်လင့်ချက်နဲ့ သတိထားပြီး ရှာကြည့်မိတာပါ။ ဒါပေမယ့် မတွေ့ခဲ့ပါဘူး။ နောက်ပိုင်းမှာတော့ အချိန်ရတဲ့အခါတိုင်း ရွှေဂူစေတီကို ရှာဖြစ်ပါတယ်။ မြို့တွင်း မြို့ပြင်မှာ ဖူးတွေ့နေရတဲ့ စေတီတွေဆီကို သီးသန့်သွားရောက်လေ့လာပြီးလည်း ရွှေဂူစေတီရှာပုံတော် ဖွင့်ခဲ့ပါတယ်။ မတွေ့ခဲ့ပါဘူး။

နောက်ဆုံးတော့ ရွှေဂူကျောင်းကို သွားသတိရမိပါတယ်။

ထားဝယ်မြို့ မြောင်းပုလဲရပ်ကွက် ကမြောကင်းလမ်းမပေါ်မှာ ရွှေဂူဘုန်းကြီးကျောင်းဆိုတာ ရှိပါတယ်။ ကျောင်းရဲ့ ခေါင်းရင်းဘက်မှာ ကမြောကင်းလမ်းမကို မေးတင်ထားတဲ့ စောင်းတန်းတစ်ခုလည်း ရှိနေတာပါ။ စောင်းတန်းက အတော်လေးဟောင်းနွမ်းနေပါပြီ။ ကျွန်တော်က ကမြောကင်းလမ်းမပေါ် ဖြတ်သွားဖြတ်လာ လုပ်နေကျမို့ အဲဒီစောင်းတန်းကြီးကို တွေ့နေကျပါ။ စိတ်ထဲမှာတော့ စောင်းတန်းကြီးဟာ ကျောင်းဝင်းထဲက ဘုရားသိမ်တစ်ခုနဲ့ ဆက်သွယ်ထားတာဖြစ်မယ်လို့ပဲ တွေးထားမိပါတယ်။ ဒါပေမယ့်လည်း တခါမှဝင်မကြည့် ဖြစ်ခဲ့ပါဘူး။ ကပ်ကျော် ဖြစ်နေခဲ့ပါတယ်။



ကမြောကင်းလမ်းမကြီးနှင့် ဆက်သွယ်ထားသော စောင်းတန်းကြီး

အခုတော့ အဲဒီကျောင်းဟာ ကျွန်တော်ရှာနေတဲ့ ရွှေဂူစေတီနဲ့ သက်ဆိုင်မှုရှိနေမလားဆိုတဲ့ အတွေးနဲ့ပဲ ရောက်ခဲ့တာပါ။ ပထမဆုံး ကျောင်းအဝင်ပေါက်နံဘေးမှာရှိတဲ့ စောင်းတန်းထဲကို ဝင်ကြည့်ပါတယ်။ စောင်းတန်းကြီးက အတော်လေးရှည်ပြီး ခိုင်ခန့်တဲ့ အင်္ဂတေတိုင်လုံး ကြီးတွေနဲ့ တည်ဆောက်ထားတာ တွေ့ရပါတယ်။ ကိုလိုနီခေတ်က တည်ဆောက်ခဲ့တာ ဖြစ်မှာပါ။ အဲဒီစောင်းတန်းဟာ ဘုရားသိမ်တစ်ခု မှာ အဆုံးသတ်သွားပြီးအထဲမှာ ထိုင်တော်မူဆင်းတုတော်ကြီးတွေကို ဖူးတွေ့ရပါတယ်။ ဆင်းတုတော်ကြီးတွေက ကိုလိုနီခေတ်လက်ရာတွေ ပါ။ စောစောက ကျွန်တော်ဝင်လာတဲ့ စောင်းတန်းရယ်၊ သိမ်ရယ်နဲ့ အခု ဖူးတွေ့နေရတဲ့ ဆင်းတုတော်ကြီးတွေက တချိန်တည်းဆောက်လုပ်ခဲ့ တာ ဖြစ်နိုင်ပါတယ်။

ထိုင်တော်မူ ဆင်းတုတော်ကြီးနှစ်ဆူအကြားမှာရှိနေတဲ့ မှန်စီ ရွှေချမုခ်ဦးလေးက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ အဲဒီမုခ်ဦးလေးဟာ နံဘေးက ထိုင်တော်မူဆင်းတုတော်ကြီးတွေထက် ပိုပြီး ရှေးကျပါတယ်။ မုခ်ဦးနဲ့ တဆက်တည်းမှာပဲ အတွင်းဘက်မှာ ဂူပတ်လမ်းတစ်ခုကို လည်း မထင်မှတ်ဘဲ တွေ့လိုက်ရပါတယ်။ ဒါဆိုရင် မှန်စီရွှေချထားတဲ့ မုခ်ဦးဟာ အတွင်းဂူပတ်လမ်းပါတဲ့ လိုဏ်ခံစေတီ (ဂူဘုရား)တစ်ဆူနဲ့ တဆက်စပ်တည်း ဖြစ်မှာပါ။ သေချာသွားအောင် သိမ်အပြင်ဘက်ကို ထွက်ပြီး စေတီကို ခြုံငုံပြီးကြည့်လိုက်တော့ ကျွန်တော်ထင်ထားတဲ့ အတိုင်းပဲ လိုဏ်ခံဂူဘုရားတစ်ဆူ ဖြစ်နေတာကို တွေ့လိုက်ရတော့တာပါ။



တောင်ဘက် ဘုရားသိမ်

အရင်က ဒီနေရာမှာ သာမာန်စေတီငယ်တစ်ဆူအဖြစ်နဲ့သာ ထင်ထားခဲ့တာမို့ အခုလို ဂူဘုရားတစ်ဆူအနေနဲ့ တွေ့လိုက်ရတော့ အတော်လေး အံ့သြမိပါတယ်။

ဂူဘုရားတောင်ဘက်မှာရှိတဲ့ သိမ်ထဲကိုဝင်ကြည့်လိုက်တဲ့အခါမှာတော့ အတော်လေး စိတ်ချမ်းသာမိပါတယ်။ ဆင်းတုတော်တွေကို မူလလက်ရာတွေအတိုင်း တွေ့နေရလို့ စိတ်ကျေနပ်မိတာပါ။ သိမ်ကတော့ နောက်ပိုင်းမှ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။

အလှူပြု ကမ္ပည်းစာမှာ ဖော်ပြချက်အရ သက္ကရာဇ် ၁၂၇၁ ခုနှစ်မှာ တည်ဆောက်ခဲ့တာဖြစ်လို့ အခုဆိုရင်တော့ ဒီသိမ်ဟာ နှစ်ပေါင်း ၁၁၆ နှစ်ရှိပါပြီ။ သိမ်မှာတွေ့ရတဲ့ မှန်စီရွှေချ လေးထောင့်တိုင်လုံးကြီးတွေက အတော်လေးလှပါတယ်။ အဲဒီအနုလက်ရာတွေဟာ နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိပြီမို့ ဒီထက်ပိုမပျက်စီးအောင် ထိမ်းသိမ်းရတော့မှာပါ ။

သိမ်အတွင်း ဂူဘုရားတောင်ဘက်မျက်နှာရဲ့ အလယ်တည့်တည့်မှာ အတွင်းပတ်လမ်းကိုဝင်ရောက်တဲ့ မုခ်ဦးတစ်ခု ရှိပါတယ်။ ဆင်းတုတော်တွေက အဲဒီမုခ်ပေါက်ရဲ့ နံဘေး တစ်ဖက်တစ်ချက်မှာ ခြံရံလျက် ရှိနေတာပါ။



မင်းဝတ်ဘုရားဆင်းတုတော် နှစ်ဆူ

မုခ်ပေါက်နဲ့ကပ်လျက်မှာ မင်းဝတ်ထိုင်တော်မူ နှစ်ဆူကိန်းဝပ်နေပြီး အဲဒီနံဘေးမှာမှ မတ်ရပ်ဆင်းတုတော်တွေကို ဖူးတွေ့ရပါတယ်။

ဆင်းတုတော်တွေက သာမာန်အားဖြင့် ကြည့်ရင်တောင်မှ ရှေးခေတ်ဆင်းတုတော်တွေ ဖြစ်တယ်ဆိုတာ သိသာ ထင်ရှားနေပါတယ်။ ဘိုးတော်ဘုရား (ဗဒုံမင်း) လက်ထက် ၁၈ ရာစုလက်ရာဟန် (အမရပူရ ခေတ်လက်ရာ) တွေကိုလည်း ခံစားလို့ ရနေတာပါ။ ဒါ့အပြင် ဆင်းတုတော်တွေမှာ ထားဝယ်၊ တနင်္သာရီနဲ့ မြိတ် တို့ဘက်မှာ တွေ့ရလေ့ရှိတဲ့ ရှေးဟောင်းရုပ်တော်မူတွေရဲ့ ဟန်တွေအတိုင်း မှန်ကင်းတော်ပါရှိပြီး ခါးစည်းပါတဲ့ သင်္ကန်းတော်ကို ဆင်မြန်းထားတာကိုလည်း တွေ့ရပါတယ်။ ရုပ်တော်မူ နှစ်ဆူနောက်က မှန်စီရွှေချ အင်္ကတေ တံကဲတွေကလည်း အတော်ကို လက်ရာမြောက်ပါတယ်။ ကော့ပျံ့သွယ်လျနေတာပါ။ ဆင်းတုတော်တွေမှာ ခေတ်အဆက်ဆက် ကပြုပြင်မှုတွေ ပြုလုပ်ထားပေမယ့် မူလလက်ရာအတိုင်း ရာနှုန်းတော်တော်များများ ကျန်နေသေး လို့ စိတ်သက်သာရာ ရမိပါတယ်။

နောက်ဆုံးတော့ ဂူဘုရားရဲ့ အတွင်းပတ်လမ်းကို ဝင်ကြည့်ပါတယ်။ အတွင်းဂူပတ်လမ်းဟာ တပတ်လုံးအပြည့် မဟုတ်လို့ အံ့ဩသွားရပါတယ်။ အနောက်ဘက်မျက်နှာရဲ့ အတွင်းဂူပတ်လမ်းကို အုတ်အင်္ကတေနဲ့ အသေပိတ်ထားတဲ့အနေထားတိုင်း တွေ့လိုက်ရတာပါ။

အဲဒီနေရာကို ဒုတိယကမ္ဘာစစ် မဖြစ်ခင်ကတည်းကပဲ ပိတ်လိုက်တာဖြစ်ပြီး ဘာအတွက်ကြောင့် ပိတ်ထားမှန်း မသိကြောင်း ဘုရားဂေါပကအဖွဲ့ဝင်တစ်ယောက်က ဆိုပါတယ်။ သူတို့လည်း တဆင့်စကားနဲ့ ပြောရတာ ဖြစ်ပါတယ်။ တကယ်တော့ လိုဏ်ခံဂူဘုရားတစ်ဆူရဲ့ မျက်နှာလေးဘက်စလုံးမှာ အဝင်မုခ် တစ်ခုစီပါရှိရပြီး အတွင်းဂူပတ်လမ်းက လည်း တစ်ပတ်ပြည့်အောင် ရှိရပါတယ်။



လိုဏ်ဂူအတွင်းပတ်လမ်း



လိုဏ်ပတ်လမ်းအတွင်းရှိ မူလဆင်းတုတော်များ

ဒီမှာတော့ မုခ်တစ်ခုနဲ့ ဂူပတ်လမ်းတစ်မျက်နှာကို ပိတ်ထားတာဖြစ်လို့ မုခ်ဦးသုံးခုသာရှိပြီး အတွင်းဂူပတ်လမ်းရဲ့ သုံးမျက်နှာမှာပဲ ဆင်းတုတော် သုံးဆူကို ဖူးတွေ့ရတော့တာပါ။

အရင်က ထားဝယ်မြို့ပေါ်မှာ ရွှေဂူဘုန်းကြီးကျောင်းရှိမှန်းသိနေပေမယ့် ကျောင်းရဲ့နံဘေးမှာ ရွှေဂူ ဘုရားတည်ရှိနေတာကိုတော့ အခုမှသိခဲ့ရတာပါ။ တွေ့နေကျဖြစ်တဲ့ စောင်းတန်းကြီးကိုလည်း ဘုရားသိမ်တစ်ခုရဲ့ စောင်းတန်းလို့ပဲ ထင်နေခဲ့မိပါတယ်။ လမ်းပေါ်က သာမန်ဖြတ်သွား ဖြတ်လာသူတွေအနေနဲ့ကတော့ စောင်းတန်းကြီးရဲ့ အတွင်းဘက်မှာ ဂူဘုရားတစ်ဆူရှိနေတာကိုသိဖို့က သိပ်မလွယ်လှပါဘူး။



သိမ်နှစ်ခုကြားမှ မြင်နေရတဲ့ ရွှေဂူ

လက်ရှိအနေထားမှာ ရွှေဂူ ဘုရားရဲ့ လေးဘက်လေးတန်မှာ မူလမုခ်ဦးတွေကိုငုံပြီး ဘုရားသိမ်ကြီးတွေကို နေရာအပြည့် တည်ဆောက်ထားတာဆိုတော့ ဂူဘုရားရဲ့ အောက်ပိုင်းကို မြင်ရဖို့ဆိုတာ အတော်ကို ခက်ပါတယ်။ အသေချာဝင်ကြည့်ရင်တောင်မှ သိမ်တွေရဲ့အကြားမှာ လွတ်နေတဲ့နေရာတွေက ဂူထောင့်တွေကိုပဲ မြင်နေရတာပါ။ ဒါကြောင့် ထားဝယ်မြို့ပေါ်မှာ တည်ရှိနေတဲ့ရွှေဂူဘုရားကို တခြားဘုရားတွေလောက် ထင်ထင်ရှားရှား လူတွေမသိကြတာ ဖြစ်နိုင်ပါတယ်။

ကျွန်တော် အခုတွေ့နေရတဲ့ ရွှေဂူဘုရားဟာ ဘိုးတော်ဘုရား အမိန့်နဲ့ တည်ခဲ့တဲ့ ရွှေဂူစေတီပေါင်း ၂၃၀ ဆူထဲကတဆူ အပါအဝင် ဖြစ်တယ်ဆိုတာ သေချာသလောက်ရှိတယ်လို့ ထင်မိပါတယ်။ လေ့လာမိသလောက် ရွှေဂူဘုရားရဲ့ အတွင်းအပြင်အနေထားနဲ့ ဆင်းတုတော်တွေရဲ့ ဟန်ပန်တွေကလည်း အဲဒီခေတ်ကို ညွှန်ပြနေတာပါ။ ခေတ်အဆက်ဆက် ပြုပြင်မှုတွေရှိခဲ့ပေမယ့်လည်း မူလ ၁၈ ရာစုလက်ရာ ဟန်တွေ ထင်ရှားနေဆဲ ဖြစ်ပါတယ်။ ပြန်ခါနီးမှာ ဘုရားဂေါပကအဖွဲ့ဝင်တယောက်က ဆရာတော်ဘဒ္ဒန္တက္ကန္ဒောဘာသ ရဲ့ **ထားဝယ်ရေးရာမှတ်တမ်းပဒေသာ** ထဲကနေ ကူးယူကောက်နုတ်ထားတဲ့ ရွှေဂူဘုရား ရာဇဝင် လက်ရေးမူစာရွက်လေးကို ထုတ်ပြပါတယ်။ အဲဒီရာဇဝင်ကို ဖတ်ကြည့်လိုက်တဲ့အခါမှာတော့ ကျွန်တော်ထင်ထားတဲ့အချက်က ရာနှုန်းပြည့် မှန်ကန်နေတယ်ဆိုတာကို သိလိုက်ရတော့တာပါ။



လိုဏ်ပတ်လမ်းအတွင်းရှိ မူလဆင်းတုတော်

လက်ရေးမူရာဇဝင်မှာ ရွှေဂူဘုရားကို ဘိုးတော်ဘုရား (ဗဒုံမင်း) အမိန့်နဲ့ သက္ကရာဇ် ၁၁၄၅ ခုနှစ် (ခရစ်နှစ် ၁၇၈၃ ခုနှစ်) ၊ နတ်တော်လဆန်း ၈ ရက်နေ့မှာ ထားဝယ်မြို့စားက တာဝန်ယူတည်ထားကိုးကွယ်ခဲ့ကြောင်း၊ ရွှေဂူစေတီကို ထားဝယ်မြို့ အနောက် မြောက်ထောင့် မြို့ရိုးအပြင်ဘက်မှာ တည်ထားခဲ့ကြောင်းနဲ့ အဲဒီအချိန်က (နိုင်ငံနဲ့အဝှမ်း) တပြိုင်တည်းတည်ထားခဲ့တဲ့ စေတီပေါင်း ၂၃၂ (၂၃၀) ဆူရှိကြောင်း ဖော်ပြထားပါတယ်။

အခုတင်ပြခဲ့တဲ့ ထားဝယ်မြို့ကရွှေဂူစေတီဟာ သမိုင်းထင်ရှားတဲ့ စေတီ တစ်ဆူ ဖြစ်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်ပြောရရင် သမိုင်းသက်သေခံ စေတီတစ်ဆူဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။ ဗဟိုအစိုးရဘုရင့် အမိန့်နဲ့တည် ထားကိုးကွယ်ခဲ့တဲ့ စေတီဆိုလို့ ထားဝယ်မြို့မှာ ဒီတစ်ဆူ ပဲ ရှိတာပါ။ ဘုရားတည်ခဲ့တဲ့ အဓိကရည်ရွယ်ချက်ကလည်း ထူးခြားပါ တယ်။ ရွှေဂူစေတီဟာ ထားဝယ်ဒေသရဲ့ ရှားရှားပါးပါးနှစ်ဆူထည်းရှိတဲ့ ဂူဘုရား နှစ်ဆူထဲက တစ်ဆူဖြစ်တာမို့ ဒီဒေသမှာတော့ ရှားပါးတဲ့စေတီ အမျိုးစား ဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။

တကယ်တော့ ထားဝယ်မြို့ပေါ်မှာတည်ရှိနေတဲ့ သမိုင်းဝင်ရွှေဂူ စေတီဟာ ဒီထက်လူသိပိုများပြီး ထင်ရှားပေါ်လွင်နေသင့်တာပါ။ ရှေး ခေတ်မြန်မာမင်းတို့ရဲ့ သာသနာတော်ပြန့်ပွားရေး ရည်ရွယ်ချက်အပြင် နိုင်ငံတော်တည်နေရာအကျယ်အဝန်း သတ်မှတ်တဲ့ရည်ရွယ်ချက်နဲ့ပါ တည်ထားခဲ့တဲ့ ဂူဘုရားတစ်ဆူဖြစ်လို့ ကျွန်တော်တို့ ထားဝယ်သူ ထားဝယ်သားတိုင်းက အထူးအလေးအမြတ်ပြုပြီး ထိန်းသိမ်းစောင့် ရှောက်ရမှာ ဖြစ်ပါတယ်။ ထားဝယ်မြို့မှာ ဒီလိုသမိုင်းထင်ရှားတဲ့စေတီ တစ်ဆူရှိနေတာကလည်း တကယ်ဂုဏ်ယူဖို့ ကောင်းတာပါ။ ရှေ့ဆက် ပြီးလည်း ကိုယ့်မြို့ကိုယ့်ဒေသရဲ့ ဂုဏ်ကျက်သရေဆောင် စေတီတစ်ဆူ အဖြစ် မှတ်ယူပြီး တန်ဖိုးထားနေသင့်တယ်လို့ ခံယူမိပါတယ် ခင်ဗျာ။

ရနောင် - ဒွယ်